CHUPDF

# ချောင်းဦးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

## အကြမ်းဖက်စစ်ကောင်စီတပ်သားများ စီးနင်းလာသော ကားများအား ချောင်းဦး PDF မှ မိုင်းဆွဲ၍ သုတ်သင်ရှင်းလင်းခြင်း

ယနေ့ ၂၃.၉.၂၀၂၁တွင် ချောင်းဦးမြို့နယ်အတွင်းမှ နတ်ရေကန်ကျေးရွာ နှင့် ရေပိုးစားကျေးရွာ အကြား မန္တလေးမြို့မှ မုံရွာမြို့သို့ ဆင်းလာသော အကြမ်းဖက် စစ်ကောင်စီတပ်သားများ စီးနင်းလာသည့် စစ်ကားအကြီး (၂)စီးအား ချောင်းဦး PDF နှင့် မုံရွာ-သံမဏိ အဖွဲ့တို့ပူးပေါင်းကာ မိုင်းဆွဲ၍ ပျောက်ကြားရှင်းလင်း သုတ်သင်ခဲ့ပါသည်။ကား၂စီးလုံး၏ ဘယ်ဘက်အခြမ်း တစ်ခုလုံး စုတ်ပြတ်ပျက်ဆီးသွားပြီး ခန့်မှန်းခြေ စစ်ခွေး ၆ဦးထက်မနည်း သေဆုံးခဲ့ပါသည်။ ကျန်းမာရေးကား အများအပြားလည်း ရောက်ရှိလာခဲ့ပြီး ဒဏ်ရာရရှိသူများလည်း များပြားခဲ့သည်ဟုလည်း သတင်းရရှိပါသည်။

ကျွန်ုပ်တို့ ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (CHU PDF) သည် စစ်အာဏာရှင်စနစ် ကျဆုံးရေး ကို ဦးတည်၍ မြို့ပြ ပျောက်ကျားလှုပ်ရှားမှုများ၊ သက်ဆိုင်ရာ မဟာမိတ် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ နှင့် ပူးပေါင်း၍ ခုခံစစ်ပွဲများ ဆင်နွှဲလျက်ရှိပါသည်။

ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (CHUPDF) အနေဖြင့် ချောင်းဦးမြို့နယ်သူ/သား များ၏ ရှေ့တွင် အမြဲရပ်တည်ပြီး အကြမ်းဖက် စစ်အာဏာရှင်စနစ် ကျဆုံးရေးအတွက် အဆုံးထိ တိုက်ပွဲဝင် သွားမည် ဖြစ်ပါသည်။

ချောင်းဦးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်